# အကြောင်းအရာများကို မှန်ကန်အောင် ပြုလုပ်ခြင်း

ဂေဘရီရယ်(လ)နှင့် တွေ့ဆုံခဲ့စဉ်က ကျွန်မသည် (၁၄)နှစ်သမီးအရွယ်ပင် ရှိပါသေးသည်။ သူသည် ကျွန်မထက် သိပ်အသက်မကြီးပါ။ ကျွန်မကဲ့သို့ ရှုန်းကန်ရင်းကြီးပြင်းလာရသူဖြစ်သည်။ ကျွန်မတို့သည် မိတ်ဆွေများ ဖြစ်လာကြပြီး အတူတကွ ပျော်ရွှင်စရာများစွာကို ရရှိခဲ့ကြပါသည်။

ကျွန်မတို့ နှစ်ဦးအကြားတွင် ဘာဖြစ်ခဲ့သည်ကို ကျွန်မ မမှတ်မိနိုင်တော့ပါ။ အပြင်းအထန် စကားများခဲ့ကြပြီး မျက်ရည်ကျခဲ့ရပါသည်။ သူ၏ မိုးရေစိုရွှဲနေသည့် ဆံပင်နှင့် ပါးပြင်ပေါ်သို့ မျက်ရည်များလိမ့်ဆင်းလာသည့် ပုံရိပ်က ကျွန်မ၏ စိတ်ကို လောင်မြိုက်စေပါသည်။ ကျွန်မသည် အကြောင်းအရာများကို အမှန်ဖြစ်အောင် လုပ်ချင်ခဲ့ပါသည်။ သို့သော် သတ္တိကင်းမဲ့၍ မည်သို့လုပ်ရမည်ကို မသိပါ။ ကြည့်ရသည်မှာ အခြေအနေသည် အဖတ်ဆယ်ရန် ခက်ခဲ၍ ရှုပ်ထွေးနေသည့်ပုံဖြစ်ပါသည်။ ဂေဘရီရယ်(လ)နှင့် ကျွန်မတို့သည် ပို၍ ဝေးလာခါ ကြီးပြင်းလာခဲ့ကြပါသည်။

နှစ်များစွာကျော်လွန်ခဲ့ပြီး ကျွန်မသည် ဂေဘရီရယ်(လ)၏အကြောင်းများများစားစား မကြားရတော့ပါ။ ထို့နောက် ၁၉၉၈ခုနှစ်တွင် နှစ်ဦးစလုံးနှင့်သိသော သူငယ်ချင်းများက ဂေဘရီရယ်(လ)သည် မေ့မြောခြင်းရောဂါ (ကိုမာ)ဖြစ်နေကြောင်း ပြောပြကြပါသည်။ သူသည် တောင်တက်နေစဉ် မီတာ (၃၀)အမြင့်မှ ကျခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မ နှလုံးသွေးများ ရပ်တန့်သွားခဲ့သည်။ ကျွန်မသူ့အား နောက်တစ်ကြိမ် တွေ့ရတော့မည်မဟုတ်ဟု ချက်ချင်းသိလိုက်ပါသည်။ ဆရာဝန်များက တတ်နိုင်သလောက် ကြိုးစားကြသော်လည်း ရက်သတ္တပတ်အနည်းငယ်အကြာ၌ ဂေဘရီရယ်(လ) ကွယ်လွန်သွားခဲ့ပါသည်။

နောက်ပိုင်းတွင် ကျွန်မသည် တစ်ခါတစ်ရံ ညအချိန်၌ အိပ်၍ မပျော်ပဲ မိမိ-တို့၏ ခြားနားမှုများကို ပြေလည်စေခဲ့ပြီး ခင်မင်ရင်းနှီးမှုကို ထိန်းသိမ်းရန် မဆုတ် မနစ်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့လျှင် အကောင်းသားဟု ဆန္ဒပြုမိခဲ့သည်။ ထိုသို့ဖြစ်ရန် မည်သည့်အခွင့်အရေးမဆို ကျော်လွန်သွားခဲ့ပြီဖြစ်ကြောင်း ကျွန်မအနေဖြင့် သေချာလှပါသည်။ ကျွန်မကြောင့် ဖြစ်ရသည့် နာကျင်မှုအတွက် သူသည် ကျွန်မကို ခွင့်လွှတ်ခဲ့လျှင်ဟူ၍သာ တွေးတောနေမိသည်။ အကယ်၍ သူသည် ကောင်းကင်ဘုံမှနေ၍ ကျွန်မကိုကြည့်လျှင် ကျွန်မ၏ နှလုံးသားအတွင်းမှ နာကျင်မှုကို သူတွေ့မြင်၍ နားလည်နိုင်ပါလိမ့်မည်ဟုလည်း တွေးတောနေမိပါသည်။

ထို့နောက် တစ်ညတွင် ကျွန်မ မေးခွန်းအတွက် အဖြေကို ရရှိခဲ့ပါသည်။ ဤအဖြေသည် ရှည်လျားသော (သို့) အသေးစိတ် ပြင်ဆင်ထားသော အဖြေမဟုတ်ပါ။ သို့သော် ယင်းအဖြေသည် ကျွန်မခံစားနေရသည့် ဝမ်းနည်းကြေကွဲမှုကို ဆေးကြောပပျောက်စေမည့် ကျွန်မလိုအပ်နေသည့်အရာအားလုံးပင်ဖြစ်ပါသည်။ ကျွန်မ၏ ခေါင်းထဲတွင် ဂေဘရီရယ်(လ)၏အသံကို ထင်ရှားစွာ ကြားရပါသည်။ သူက "ငါဟာ မင်းကို သူငယ်ချင်းတစ်ယောက်အဖြစ် အမြဲတမ်း သဘောထားခဲ့ပါတယ်"ဟူ၍ ပြောနေပါသည်။

ကျွန်မ၏ မျက်လုံးထဲတွင် မျက်ရည်များဖြင့် ပြည့်နေပါသည်။အရာအားလုံးကို ခွင့်လွှတ်ခြင်းခံရခြင်းဖြစ်သည်ကို ကျွန်မ သိရှိပြီဖြစ်၍ ကျွန်မ နှလုံးသားမှာ ငြိမ်သက်မှု ရှိနေပါသည်။

ကျွန်မက နာကျင်စေခဲ့သည့် (သို့) စော်ကားခဲ့သည့်သူများနှင့် ပြေလည်ရာ ပြေလည်ကြောင်းကို ပြန်မလုပ်ပဲ တစ်နေ့တာကို မကုန်ဆုံးစေဖို့ ကျွန်မ သံန္နိဋ္ဌာန်ချခဲ့ပါသည်။ ကျွန်မသည် နောက်ထပ်အခွင့်အရေးတစ်ခုကို ဘယ်သောအခါမျှ ရလိမ့်မည်မဟုတ်ပါ။ ယနေ့သည် တစ်ယောက်ယောက်အား ကျွန်မ ဂရုစိုက်ကြောင်းကို ပြသရန် "မင်းကို ငါချစ်တယ်"ဟု ပြောရန်နှင့် အကြောင်းအရာများကို မှန်ကန်စွာ ပြုလုပ်ရန်အတွက် ကျွန်မ၏ တစ်ခုတည်းသော အခွင့်အရေးဖြစ်ပေလိမ့်မည်။

ငါ့ပြည်တတ်သည်ကား ညီအစ်ကိုကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကို ကဲ့ရဲ့သော သူသည် လွှတ်တော်၌ အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ထို့ကြောင့် သင်သည် ပူဇော်သက္ကာကို ယဇ်ပလ္လင်သို့ ဆောင်ယူခဲ့လျက် သင်၏ ညီအစ်ကိုသည် သင်၌ အပြစ်တင်ခွင့် တစ်စုံတစ်ခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင် ရှေ့မှာ ပူဇော်သက္ကာကို ထား၍ သွားလော့။ ညီအစ်ကိုနှင့် သင့်တင့်ပြီးမှ ပြန်၍ ပူဇော်သက္ကာကိုတင်လော့။ (မဿဲ ၅း၂၂-၂၄)

ပြင်သစ်နိုင်ငံ၏ ဝေးလံခေါင်သီသော အရပ်ဒေသ၌ ကားပျက်သွားသည့် ရိုး(လ)ရွိုက်(စ) ကားပိုင်ရှင် အသစ်အကြောင်းကို စတီဗင်ဘရောင်းက ပြောပြပါသည်။ သူသည် ကားရောင်းသည့် ကုမ္ပဏီကို ဖုန်းဆက်ခေါ်လိုက်ပါသည်။ သူတို့သည် သူ၏ ကားအား ပြင်ဆင်တပ်ဆင်ရန် အတွက် ကားပြင်သမားကို လွှတ်လိုက်ပါသည်။ နောက်တစ်နေ့တွင် ကားသည် တစ်ဖန်ပြန်၍ မောင်းနှင်နိုင်ခဲ့ပြီး သူသည် ခရီးဆက်နိုင်ခဲ့ပါသည်။ လများစွာ ကြာသည့်တိုင် ကုမ္ပဏီမှ ငွေတောင်းခံလွှာ မရောက်ရှိခဲ့သဖြင့် သူသည် သူ၏ ကား ပြင်သစ်တွင် ပျက်စဉ်က မဆိုင်းမတွ ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းစာရေးလိုက်ပါသည်။ ရိုး(လ)ရွိုက်(စ)ကုမ္ပဏီက သူ့ထံစာပြန်လိုက်သည်မှာ "ကျွန်ုပ်တို့ကုမ္ပဏီ၌ မည်သည့် ရိုး(လ)ရွိုက်(စ) ကားတစ်စီးမျှ စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှု ပြဿနာ မှတ်တမ်း မရှိပါ" ဟူ၍ ဖြစ်ပါသည်။

ဘုရားသခင်သည် သင့်ကို ခွင့်လွှတ်သောအခါ သူသည် ကြွလာ၍ မှားယွင်းသည့် အရာများကို နဂိုအတိုင်း ပြန်လည်၍ ထိန်းသိမ်းပေးပါသည်။ သူ၏ မေတ္တာကလည်း မည်သည့် မှားယွင်းမှုကိုမျှ မှတ်တမ်းမတင်ထားပါ။



ထိခိုက်နာကျင်မှုအား ဆုပ်ကိုင်ထားခြင်းနှင့် ယင်းကို ခွင့်လွှတ်ခြင်းဖြင့် ဖြေလွှတ်လိုက်ခြင်းတို့အကြားရှိ ခြားနားမှုမှာ ညအချိန်၌ ဆူးဖြင့် ပြည့်နေသော ခေါင်းအုံးပေါ်၌ အိပ်စက်ခြင်းနှင့် နှင်းဆီပွင့်ဖတ်များဖြင့် ပြည့်နေသော ခေါင်းအုံးပေါ်၌ အိပ်စက်ခြင်းတို့၏ ခြားနားမှုနှင့် တူပါသည်။

Loren Fisher